# နွေဦးအသံ

the voice of spring

9.6.2021 · Wednesday · No . 63 · Daily News Pamphlet


## မင်းအောင်လှိုင်ကို နိုင်ငံခေါင်းဆောင်အဖြစ်သုံးစွဲခြင်းကိုရှုတ်ချပြီး တရုတ်နိုင်ငံထံ NUG အိတ်ဖွင့်စာပေး

သတင်းတို

ရင်းမြစ် – NUG မှ

## နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်ဒေါ်အောင်ဆန်းစုကြည်ထံလေးသိန်းခန့်တန်ဖိုးရှိ ရိက္ခာများ ရှေ့နေအဖွဲ့ပေးပို့ခဲ့

သတင်းတို

ရင်းမြစ် – ဧရာဝတီ မှ

## CDM ပြုလုပ်သူ သူရဲကောင်းဝန်ထမ်းများကို ခြိမ်းခြောက်အကြပ်ကိုင်ပြီး ဖိနှိပ်နေသည့်Non-CDM ဝန်ထမ်းဆိုးများကို စာရင်းပြုစုလျက်ရှိပြီး တရားဥပဒေနှင့်အညီ ထိုက်တန်သော ပြစ်ဒဏ်ကိုပေး၍ အရေးယူသွားမည်ဖြစ်ကြောင်းနှင့် ဥပဒေမဲ့မည်သည့်အကြမ်းဖက်မှုမျိုးကိုမှ အားပေးကူညီလှုံ့ဆော်ခြင်း ပြုလုပ်မည် မဟုတ်ဟု NUG ထုတ်ပြန်ကြေညာခဲ့

သတင်းတို

ရင်းမြစ် – NUG မှ

## ဖမ်းဆီးဖြိုခွဲမှုများအကြားမှ ပြောက်ကျားသပိတ်စစ်ကြောင်းများကို နေ့စဉ်မပြတ် ပြုလုပ်ခဲ့ကြ








ဇွန်လ(၈)ရက်၊ ရန်ကုန်မြို့နယ်ပေါင်းစုံသပိတ်၊ မန္တလေးမြို့ မဟာမိတ်တပ်ပေါင်းစုသပိတ်စစ်ကြောင်းနှင့် အင်ဂျီနီယာဆိုင်ကယ်သပိတ်စစ်ကြောင်းများကို အသီးသီးတွေ့မြင်ရစဉ် -(ဓါတ်ပုံ – CJ )

## နုတ်ထွက်ခြင်းမဟုတ်ဘဲ စစ်အုပ်စုကို ဆန့်ကျင်ပြီးအလုပ်ယာယီရပ်နားခြင်းသာဖြစ်သဖြင့် CDM ဝန်ထမ်းများက လုပ်သက်စာချုပ်ပေးလျှော်ရန်မလိုဟု NUG ကြေညာ

သတင်းတို

ရင်းမြစ် – NUG မှ

## အမှုဖွင့်တိုင်ကြားမှုများကို သီးသန့်ပြည်တွင်းတရားရုံးများ ထူထောင်၍ ဖြစ်စေ၊ နိုင်ငံတကာရာဇဝတ်ရုံးသို့ ဖြစ်စေ ပေးပို့အရေးယူမည်ဟု NUG ပြည်ထဲရေးမှ ထုတ်ပြန်ခဲ့

သတင်းတို

ရင်းမြစ် – NUG မှ

## တာမွေမြို့နယ်၊ ကျားကွက်သစ်ရပ်ကွက်၊ စစ်ကျွန်အုပ်ချုပ်ရေးမှူးဒေါ်စိုးစိုးလွင် သေနတ်နှင့် အပစ်ခံရပြီး သေဆုံး

သတင်းတို

ရင်းမြစ် – ဧရာဝတီ မှ

## ဂျပန်အောက်လွှတ်တော်က စစ်အုပ်စုကို တရားဝင်မှု အသိအမှတ် (လုံးဝ)မပြုနိုင်ဟု ဆုံးဖြတ်ချက် ချမှတ်ခဲ့

သတင်းတို

ရင်းမြစ် – Kyodo News မှ

## မန္တလေး၊ ပုသိမ်ကြီးမြို့နယ်၌ ဆိုင်ကယ်စီးလာသည့် စစ်ကျွန်ရဲ(၂)ဦးကို ကားတစီးပေါ်မှ သေနတ်နှင့် ပစ်ခတ်ခဲ့သဖြင့် တဦးသေဆုံး၊ တဦးဒဏ်ရာရ

သတင်းတို

ရင်းမြစ် – ဧရာဝတီ မှ

ဖတ်ပြီးလျှင် လက်ဆင့်ကမ်းဝေမျှပေးပါ၊ ဖြစ်နိုင်လျှင် မိတ္တူပွား၍ ဆက်လက်မျှဝေပါ၊ ဖုန်းဖြင့်ဆော့ဖ်ကော်ပီကိုလည်း အဆင်ပြေသလို ဖြန့်ချိမျှဝေပေးကြပါ၊ သတင်းစီးဆင်းမှု(လုံးဝ)မရပ်တန့်စေရ။

ဖေဖော်ဝါရီ(၁)ရက်မှ ဇွန်(၈)ရက်အထိ

ကျဆုံးသူဦးရေ - ၈၅၇ ဦး

အဖမ်းဆီးခံရသူဦးရေ- ၅၈၅၈ ဦး

ဝရမ်းထုတ်ခံရသူဦးရေ- ၁၉၃၆ ဦး

ရင်းမြစ် – အေအေပီပီမှ

နွေဦးအသံ
the voice of spring

# သတင်းမှတ်စု

ဇွန်လ(၉)ရက်၊ ၂၀၂၁

9.6.2021 · Wednesday · No . 63 · Daily News Pamphlet

- CDM ပါဝင်သည့် တပ်မတော်သား (၈၀၀) ခန့် ရှိလာပြီး (၇၅)ရာခိုင်နှုန်းမှာ ပြည်သူ့ကာကွယ်ရေးတပ်(PDF)နှင့် ပူးပေါင်းပြီး စစ်ကောင်စီကိုပြန်လည်တိုက်ခိုက်သွားမည်ဟု CDM ဝင်လိုသည့် တပ်မတော်သားများကို ကူညီဆောင်ရွက်ပေးနေသူ ဗိုလ်ကြီး လင်းထက်အောင်က အတည်ပြု။
- မင်းတပ်မြို့၊ စစ်အုပ်စုရဲစခန်း၌ အချုပ်ကျနေသည့် ဒေသခံအရပ်သား(၂၀)ခန့်ကို အစားအသောက် လုံလောက်အောင် မကျွေးဘဲ ရေသာတိုက်၍ နှိပ်စက်နေဟု သိရ။
- နယ်စပ်မှ မြန်မာနိုင်ငံသို့ တင်သွင်းနေသည့် ဆပ်ပြာ၊ဆပ်ပြာမှုန့်နဲ့ သွားတိုက်ဆေး တင်သွင်းခွင့်ကို ဇွန်(၄)ရက်နေ့ကစပြီး စစ်အုပ်စုက ရပ်ဆိုင်းခဲ့ဟုသိရ။
- ရန်ကုန်၊ ပြည်လမ်း၊ အင်းလျားကန်ဘောင် (Inya Viewကွန်ဒိုအနီး)၌ ညနေ(၃:၅၀) ခန့်က ပေါက်ကွဲမှုနှစ်ကြိမ် ဖြစ်ပွားခဲ့။
- မိတ္ထီလာ၊ အမြန်လမ်း ကံကောင်းလမ်းဆုံရှိ ရွှေအုန်းပင်စားသောက်ဆိုင်၌ လက်လုပ်ဗုံးပေါက်ကာ လူတဦး သေဆုံးပြီး လက်လုပ်ဗုံးနှင့် ဆက်စပ်သည့် ပစ္စည်းများ ဖမ်းဆီးမိပြီးနောက် ရွှေအုန်းပင်စားသောက်ဆိုင်နှင့် ပတ်သက်သည့် ထမင်းဆိုင်နှင့် ဟိုတယ်ကို စစ်အုပ်စုက ပိတ်ပစ်ခဲ့ဟုသိရ။
- ယင်းမာပင်မြို့နယ် သလောက်နှင့် ကြပ်ရွာကြား၌ ဇွန်(၇)ရက်၊ ညနေပိုင်းက ပြည်သူ့ကာကွယ်ရေးတပ်ဖွဲ့နှင့် စစ်အုပ်စုတို့ တိုက်ပွဲဖြစ်ရာ စစ်အုပ်စုဘက်က (၂)ဦး ကျဆုံးခဲ့။





- စစ်ကိုင်း၊ မော်လခရိုင်၊ ချင်းတွင်းမြစ်ကြောတလျှောက်၌ NLD အစိုးရလက်ထက်က တားမြစ်ခဲ့သည့် ရွှေမျှောတိုက် လုပ်ငန်းများကို စစ်ကျွန်အုပ်ချုပ်ရေးမှူးများနှင့် ပူးပေါင်းကာ ပြန်လည်လုပ်ကိုင်နေကြဟုသိရ။
- ကသာမြို့နယ်၊ မိုးတားလေးကျေးရွာတွင် နံနက်(၁၀)နာရီခွဲခန့်ကဗန်းမော်မြို့သို့ ဆန်တက်လာသည့် စစ်အုပ်စုသင်္ဘောက မြစ်ကမ်းဘေးတွင် ရေချိုးနေသည့် ပြည်သူများကို အကြောင်းမဲ့ပစ်ခတ်ခဲ့ဟုသိရ။
- ကယားပြည်နယ်၊ လွယ်ရင်း၌ စစ်အုပ်စုမှ လက်နက်ကြီးများနှင့်ပစ်ခတ်နေသဖြင့် စစ်ရှောင်စခန်းများမှ ဒုက္ခသည်များကို ဘေးလွတ်ရာသို့ ထပ်မံပြောင်းရွှေ့နေရဟုသိရ။
- ဒီပဲယင်းမြို့နယ် ယဉ်ကျေး(ရင်ခြင်း) ကျေးရွာသို့ စစ်အုပ်စုက နံနက်(၇)နာရီခန့်က ဝင်ရောက်တပ်စွဲသဖြင့် ဒီပဲယင်း PDF နှင့် တိုက်ပွဲဖြစ်ပွားခဲ့ပြီး ရွာအနီး၌ အင်အား ၅၀ ခန့်ပါ စစ်အုပ်စုကားသုံးစီး မိုင်းခွဲတိုက်ခိုက်ခဲ့သဖြင့် (၃)ဦးသေဆုံးခဲ့ဟုသိရ။
- ရွှေဘိုမြို့၌ ညနေ(၃:၁၅)ခန့်က ခရိုင်/မြို့နယ်မီးသတ်စခန်းအား လက်လုပ်ဗုံး ပစ်သွင်းခံရသဖြင့် မီးသတ်ယာဉ်တစီး အနည်းငယ် ပျက်စီးသွားခဲ့ဟုသိရ။
- လိုင်ဇာ၊ လဂျား ယန်ကျေးရွာအနီး၌ နံနက်(၉)နာရီခန့်က ခလရ(၁၂၄)တပ်မှ ကား(၁၆) စီးပါ ရိက္ခာသည့် ယာဉ်တန်းကို KIA က တိုက်ခိုက်ခဲ့ရာ ကား(၄)စီး ပျက်စီးခဲ့။
- မြိတ်မြို့၌ မတ်(၉)ရက်ဆန္ဒပြပွဲက ဖမ်းဆီးခံရသူ ကဗျာဆရာ မောင်ယုပိုင်ကို စစ်အုပ်စုက ထောင်ဒဏ်(၂)နှစ် ချမှတ်ခဲ့ဟုသိရ။
- ရန်ကုန်၊ လှိုင်မြို့နယ်၌ ပြုလုပ်သည့် မြို့နယ်ပေါင်းစုံ ဆန္ဒပြစစ်ကြောင်းလှုပ်ရှားမှု ဖြိုခွင်းခံရပြီး လူငယ်(၄)ဦးခန့် ဖမ်းဆီးခံခဲ့ရ။
- ရန်ကုန်၊ လှိုင်မြို့နယ်။ မန္တလေး၊ မဟာတပ်ပေါင်းစု၊ အမရပူရ၊ သံဃသမဂ္ဂ၊ အင်ဂျီနီယာစစ်ကြောင်း။ ပုလိပ်။ မြင်းခြံ။ ပြည်။ ညောင်ဦး။ မုံရွာ။ ဘုတလင်၊ ကျေးရွာပေါင်းစုံ။ ဆားလင်းကြီး၊ ကျေးရွာပေါင်းစုံနှင့် ယင်းမာပင်။ ပုလဲ၊ မုံသွင်ကျေးရွာ။ တန့်ဆည်။ မြိုင်။ ကလေးမြို့။ ရေဖြူ၊ ကံပေါက်။ သရက်ချောင်း၊ သရက်နှစ်ခွ၊ ဥတ္တုကျေးရွာ။ ထားဝယ်။ လောင်းလုံမြို့နယ်၊ မောင်းမကန်၊ ဝေဒီ၊ ညင်းမော်၊ စစ်ပြ၊ တီဇစ်ကျေးရွာများ။ ဖားကန့်မြို့၊ နမ္မတီး၊ တာမခန်၊ အေးမြသာယာ။ မိုးကောင်း။ ကော့ကရိတ်၊ ဘုရားသုံးဆူ။ မွန်၊ ပေါင်။ စသဖြင့် မြို့အသီးသီး၌ လူအင်အားရာချီသော သပိတ်စစ်ကြောင်းကြီးများနှင့် ချီတက် ဆန္ဒဖော်ထုတ်ခဲ့ကြဟု သိရ။

ရင်းမြစ် - မဇ္ဈိမ

## အာဏာရှင်သို့ပေးစာ

စိတ်တွေ ကွေးသလို
လက်ညှိုးတွေ ကွေးနေ။

ခေတ်ကိုပြောင်းဖို့
ခေါင်းကို ပစ်စေ။

ကျူရိုးနဲ့ နန်းတော်တည်ဖို့
ကျည်ဆန်တွေ တောင်လိုပုံစေ။

ပြည်သူ့အလံ မလှဲ
ပြည်သူ့အသံ မကွဲ
တသွေးတည်း တသားတည်း။

ပြည်သူက
အခြေမပျက်သလို
အနေမပျက်ဘူး
မင်းတို့သာ
အသေထွက်ရမယ်။ ။

ဒေါင်းသွေး

## The Voice Of Spring Cartoon




fb.com/thevoiceofspring · twitter@NewsPamphlet · thevoiceofspringdaily@gmail.com

**အရေးတော်ပုံ မုချ အောင်ရမည်**



ဇွန်လ(၉)ရက်၊ မကွေး၊ နတ်မောက်မြို့ရှိ လယ်သမားများမှ ပြုလုပ်ခဲ့သည့် လယ်ထွန်သပိတ်ကိုတွေ့ရစဉ်(ဓါတ်ပုံ-CJ)

## နွေဦးစကား ဒို့ပြောကြား

“တောင်ပေါ်မြေပြန့် အတူပေါင်းဖက် ဖက်ဒရယ်ဆီသို့ ဒို့ချီတက်”

“မုန်တိုင်းတွေပြီးရင် လေပြေတွေလာစမြဲမို့ အားတင်းထားကြပါ၊ အဆုံးထိတိုက်ကြမယ်”